စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စီမံကိန်းဦးစီးဌာန


# စိုက်ပျိုးစီးပွားသတင်းလွှာ


အမှတ်စဉ် (၂၀/ ၂၀၂၅) ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၂၆) ရက်


| ၂၆- ၉- ၂၀၂၅ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၅၀.၄၉ |
| စင်္ကာပူဒေါ်လာ | ၁,၆၂၃.၄၄ |
| စတာလင်ပေါင် | ၂,၈၀၂.၈၇ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၀၁.၂၆ |
| တရုတ်ယွမ် | ၂၉၄.၃၂ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၉၁ |
| အိန္ဒိယရူပီး | ၂၃.၆၈ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၈.၆၀ |
| မလေးရှား ရင်းဂစ် | ၄၉၇.၄၅ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၁၀ |
| ရုရှားရူဘယ် | ၂၅.၁၅ |
| ထိုင်းဘတ် | ၆၅.၁၄ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ မိုးရာသီခန့်မှန်းချက်၊ အိန္ဒိယပဲစိုက်တောင်သူများအနေဖြင့် အခက်အခဲများကို နှစ်ဆက်ကြုံတွေ့နေရ

➢ အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရခြင်းကြောင့် ဆိုင်းငံ့ထား

- **အထွေထွေသတင်းများ**

➢ အိန္ဒိယနိုင်ငံသည် တောင်အမေရိကနိုင်ငံအချို့ရှိ အရေးပါသော သတ္တုတွင်းထွက် ပစ္စည်းများမှတစ်ဆင့် ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်စေရန် ကြိုးပမ်းလျက်ရှိ

➢ ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်က တတိယအကြိမ်မြောက် Indo-Pacific Economic Conclave ဖွင့်ပွဲအခမ်းအနားနှင့် Special Session II သို့ ပါဝင်တက်ရောက်

➢ အိန္ဒိယအစိုးရ၏ Bachat Utsav (ရက် ၁၀၀ လှုပ်ရှားမှု) အစီအစဉ်မှ ပေးအပ်သော အကျိုးကျေးဇူးများကို ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူများ ခံစားရရှိဟု ဘဏ္ဍာရေးဝန်ကြီးပြောကြား

➢ နာမည်ကြီး အမှတ်တံဆိပ်နှင့် မူပိုင်ခွင့်ရ ဆေးဝါးတင်သွင်းမှုများအပေါ် အကောက်ခွန် ၁၀၀ ရာခိုင်နှုန်း ကောက်ခံမည်ဟု အမေရိကန်သမ္မတပြောကြား

## မိုးရာသီခန့်မှန်းချက်၊ အိန္ဒိယပဲစိုက်တောင်သူများအနေဖြင့် အခက်အခဲများကို နှစ်ဆက်ကြုံတွေ့နေရ

အိန္ဒိယပဲမျိုးစုံ စိုက်ပျိုးသူများသည် အခက်အခဲများကိုနှစ်ဆရင်ဆိုင်နေရပါကြောင်း၊ ပထမအချက်မှာ ကုလားပဲနှင့် မတ်ပဲကဲ့သို့သော ကောက်ပဲသီးနှံများ၏ အထွက်နှုန်းနှင့် အရည်အသွေးသည် မိုးရေချိန်လွန်ကဲမှုကြောင့် ထိခိုက်နိုင်ခြေရှိကြောင်း၊ ဒုတိယအချက်မှာ အိန္ဒိယ၏ ပဲသီးနှံများမှာ ရာသီဥတုကြောင့် ထိခိုက်နေသော်လည်း ကမ္ဘာလုံးဆိုင်ရာဈေးကွက်တွင် ပဲဈေးနှုန်းများသည် ကျဆင်းနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကုန်သွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ကိုင်သူများ၏ ထင်မြင်ချက်အရ စိုက်ပျိုးသူများက မိုးရာသီတွင် ပဲမျိုးစုံစိုက်ဧက အနည်းငယ် ပိုမိုစိုက်ပျိုးထားရှိသော်လည်း မိုးရေချိန်လွန်ကဲမှုက အထွက်နှုန်းနှင့် အရည်အသွေးကို သိသိသာသာ ထိခိုက်စေခဲ့သောကြောင့် ထုတ်လုပ်မှုသည် ယမန်နှစ်ကထက် လျော့နည်းနိုင်ကြောင်း သိရှိရသည်။

ယေဘုယျအားဖြင့် ဇူလိုင်မှ စက်တင်ဘာအထိ မိုးရေချိန်လွန်ကဲမှုသည် မိုးရာသီသီးနှံများအတွက် အဓိကစိုးရိမ်စရာတစ်ခုဖြစ်လာပြီး ကန်နာတာကာ၊ မဟာရာရှ်ထရာ၊ မဒ္ဒရာပရာဒက်ရှ်၊ ဂူဂျာရတ်နှင့် ရာဂျစ်စတန်တို့ကဲ့သို့သော အဓိကစိုက်ပျိုးရေးပြည်နယ်များတွင် သီးနှံများ ထိခိုက်မှုများရှိရာ ပဲသီးနှံများလည်း ပါဝင်ကြောင်းသိရှိရသည်။

အိန္ဒိယပဲမျိုးစုံနှင့် ကောက်ပဲသီးနှံအသင်း (IPGA)၏ အတွင်းရေးမှူးဖြစ်သူ Satish Upadhyay က မိုးရေချိန်လွန်ကဲမှုကြောင့် ပဲသီးနှံထုတ်လုပ်သော ပြည်နယ်အားလုံးတွင် သီးနှံများ ပျက်စီးမှုရှိခဲ့သည့်အတွက် ယခုနှစ်မိုးရာသီပဲထွက်ရှိမှုသည် ယမန်နှစ်ထက် နည်းလိမ့်မည်ဖြစ်ကြောင်း၊ ပြည်နယ်အချို့တွင် မိုးဆက်လက်ရွာနေဆဲဖြစ်ပြီး ရက်အနည်းငယ်အတွင်း မိုးဆက်ရွာ ဦးမည်ဟုခန့်မှန်းထားပါကြောင်း၊ အခြေအနေအားဆက်လက်စောင့်ကြည့်နေသော်လည်း သေချာသည်မှာ သီးနှံ၏အရည်အသွေးနှင့် ပမာဏသည် ယမန်နှစ်ကထက် လျော့နည်းလိမ့်မည် ဖြစ်ကြောင်း ပြောကြားထားသည်။

ကန်နာတာကာ၊ မဟာရာရှ်ထရာနှင့် မဒ္ဒရာပရာဒက်ရှ်ကဲ့သို့သော ပြည်နယ်များတွင် မိုးသည်းထန်မှုကြောင့် မတ်ပဲနှင့် ပဲတီစိမ်းရိတ်သိမ်းမှုကို ထိခိုက်ခဲ့သောကြောင့် ယမန်နှစ်နှင့်ယှဉ်လျှင် ထွက်ရှိမှုပမာဏအနည်းငယ်လျော့နည်းခဲ့သကဲ့သို့ အရည်အသွေးလည်း ထိခိုက်ခဲ့ပါကြောင်း၊ ရာခိုင်နှုန်းအနေဖြင့် ၃၀ မှ ၅၀ အထိ ပျက်စီးနေသော မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများသည်သာ ဈေးကွက်သို့ရောက်ရှိ

Agribusiness & Trade

လာမည်ဖြစ်ကြောင်း၊ ရာဂျစ်စတန် ပြည်နယ်တွင် ပဲတီစိမ်းနှင့် မတ်ပဲသီးနှံ၏ အခြေအနေသည် ဆိုးဝါးလျက်ရှိကြောင်း Upadhyay က ပြောကြားထားသည်။

ပဲစိုက်ပျိုးသူများသည် ရိတ်သိမ်းပြီးနောက် အလားအလာများ မကောင်းသောကြောင့် ခက်ခဲသောအခြေအနေကို ရင်ဆိုင်နေရပါကြောင်း၊ အကြောင်းရင်းမှာ ကနေဒါ၊ ဩစတြေးလျ၊ အာဖရိက နှင့် ရုရှားကဲ့သို့သော အဓိကထုတ်လုပ်သူများက ကောက်ပဲသီးနှံကောင်းမွန်ကြောင်း သတင်းထုတ်ပြန်ထားသောကြောင့် ဖြစ်ပါကြောင်း၊ သို့ရာတွင် ယခုအပတ်အတွင်း မတ်ပဲဈေးနှုန်းများ အတက်ဘက်သို့ ရောက်ရှိနေကြောင်းလည်း သိရှိရသည်။

၂၀၂၅-၂၆ ရာသီအတွက် ကနေဒါနိုင်ငံ၏ ပဲနီလေးထုတ်လုပ်မှုကို စိုက်ဧက ပိုမိုများပြားသောကြောင့် တန်ချိန် ၃.၂ သန်း ထွက်ရှိမည်ဟု ခန့်မှန်းထားသဖြင့် ပဲနီလေးဈေးနှုန်းများသည် ကျဆင်းလျက်ရှိပါကြောင်း၊ ဩစတြေးလျနိုင်ငံတွင်လည်း ပဲနီလေး စံချိန်တင် တန်ချိန် ၁.၇၁ သန်း ထွက်ရှိမည်ဟုခန့်မှန်းထားပြီး ကုလားပဲထုတ်လုပ်မှုမှာ တန်ချိန် ၂.၁၀ သန်းထွက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

မြန်မာနိုင်ငံက အောက်တိုဘာလအတွက် အရည်အသွေးမြင့် မတ်ပဲကို တစ်တန်လျှင် ဒေါ်လာ ၈၈၀ ဖြင့် ရောင်းချလျက်ရှိပြီး ဘရာဇီး၏ထုတ်ကုန်သည် ဒေါ်လာ ၉၀၀ ဖြင့် ရောင်းချလျက်ရှိပါကြောင်း၊ ယခုတစ်ပတ်အတွင်း ဈေးနှုန်းများမှာ သုံးရာခိုင်နှုန်း တက်ခဲ့ကြောင်း၊ ကနေဒါနိုင်ငံက ပဲနီလေး (Green Lentils) ကို တစ်တန်လျှင် ဒေါ်လာ ၆၁၀ (အောက်တိုဘာ-နိုဝင်ဘာ) ဖြင့် ကမ်းလှမ်းနေစဉ် ရုရှားက ၆၉၅ ဒေါ်လာ (အောက်တိုဘာ) ဖြင့် ကမ်းလှမ်းလျှက်ရှိကြောင်း၊ မာလာဝီ၊ တန်ဇန်းနီးယားနှင့် မိုဇမ်ဘစ်တို့က ပဲစင်းငုံကို တစ်တန်လျှင် ဒေါ်လာ ၅၀၀၊ ၅၁၅ နှင့် ၅၃၀ အသီးသီးဖြင့် ကမ်းလှမ်းလျှက်ရှိပါကြောင်း၊ တန်ဇန်းနီးယားနှင့် မိုဇမ်ဘစ်နိုင်ငံတို့က ယခုတစ်ပတ်အတွင်း ဈေးနှုန်းများကို ၁၀-၁၅ ဒေါ်လာ တိုးမြှင့်ခဲ့ပါကြောင်း၊ ကနေဒါနှင့် ရုရှားတို့က အိန္ဒိယသို့ စားတော်ပဲကို ဒေါ်လာ ၃၃၀ နှင့် ၃၅၀ အသီးသီးဖြင့် ကမ်းလှမ်းနေပြီး ကနေဒါက အိန္ဒိယသို့ ပဲနီလေး (Red Lentils)ကို ဒေါ်လာ ၅၅၀ (အောက်တိုဘာ-နိုဝင်ဘာ) ဖြင့်လည်းကောင်း၊ ဩစတြေးလျသို့ ဒေါ်လာ ၅၄၀ (အောက်တိုဘာ-နိုဝင်ဘာ) ဖြင့်လည်းကောင်း ကမ်းလှမ်းလျှက် ရှိကြောင်းသိရှိရသည်။ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ စားတော်ပဲနှင့် ပဲစင်းငုံတင်သွင်းမှု များကို အကောက်ခွန်လွတ်ခွင့်ပြုပေးထားသည့်အတွက် ဤအရာအားလုံးသည် စိုက်ပျိုးသူများအတွက် အဆင်မပြေသည့် လက္ခဏာများအဖြစ် မြင်တွေ့ရကြောင်း သုံးသပ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

Agribusiness & Trade

မိုးရာသီ အဓိကပဲသီးနှံဖြစ်သော ပဲစဉ်းငုံ (tur) သည် အပင်ကြီးထွားမှုနှင့် ပန်းပွင့်သည့် အဆင့်များတွင်ရှိနေဆဲဖြစ်သော်လည်း ပြည်နယ်အချို့တွင် မိုးရေချိန်လွန်ကဲမှုကြောင့် ရေဝပ်သည့် ဒေသများရှိ သီးနှံများ ထိခိုက်ခဲ့ပါကြောင်း၊ Upadhyay က ၎င်းတို့သည် ပဲစင်းငုံအတွက် စိုးရိမ်နေခြင်းမဟုတ်ဘဲ ပဲတီစိမ်းနှင့် မတ်ပဲတို့မှာ ပျက်စီးမှုပိုများသောကြောင့် စိုးရိမ်နေရပါကြောင်း၊ ပဲတီစိမ်းသီးနှံထွက်ရှိမှု ပမာဏသည် ၁၀-၂၀ ရာခိုင်နှုန်း လျော့နည်းနိုင်သော်လည်း အရည်အသွေးအားဖြင့် ၃၀-၄၀ ရာခိုင်နှုန်းခန့် ကျဆင်းနိုင်ပါကြောင်း၊ အလားတူမတ်ပဲတွင်လည်း ပမာဏအားဖြင့် ၁၀-၂၀ ရာခိုင်နှုန်း လျော့နည်းနိုင်သော်လည်း အရည်အသွေးအားဖြင့် ၅၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးနိုင်သည်ဟု ပြောကြားထားသည်။ ပဲစဉ်းငုံနှင့်ပတ်သက်လျှင် ၎င်းတို့သည် သက်တောင့်သက်သာရှိသောအနေအထားတွင်ရှိနေပါကြောင်း၊ သီးနှံဆုံးရှုံးမှု အနည်းငယ်ရှိသည့်တိုင် ကြီးမားသော အရန်သိုလှောင်မှုများရှိပြီး တင်သွင်းမှုများလည်း ဆက်ရှိနေသေးကြောင်း Upadhyay က ပြောကြားထားသည်။

တတိယကြိုတင်ခန့်မှန်းချက်များအရ ၂၀၂၄ ခုနှစ် မိုးရာသီကာလအတွင်း စုစုပေါင်း ပဲထွက်ရှိမှုသည် တန်ချိန် ၇၄.၉၅ သိန်းရှိခဲ့ပြီး ယင်းတွင်ပဲစင်းငုံထွက်ရှိမှုသည် တန်ချိန် ၃၅.၆၁ သိန်း၊ ပဲတီစိမ်းတန်ချိန် ၁၇.၄၇ သိန်းနှင့် မတ်ပဲ တန်ချိန် ၁၃.၀၂ သိန်းပါဝင်ကြောင်း သိရှိရသည်။

IGRain India မှ Rahul Chauhan က ကန်နာတာကာနှင့် မဟာရာရှ်ထရာတို့တွင် စိုက်ဧကကျဆင်းခြင်းနှင့် သီးနှံဆုံးရှုံးမှုများကြောင့် ၂၀၂၅ ခုနှစ် မိုးရာသီကာလအတွင်း ပဲစင်းငုံထုတ်လုပ်မှုသည် တန်ချိန် ၃၀ သိန်း ထက်နည်းမည်ဟု ခန့်မှန်းထားပါကြောင်း၊ ပဲတီစိမ်းထုတ်လုပ်မှုသည် တန်ချိန် ၁၇ သိန်းခန့်ရှိမည်ဟု မျှော်လင့်ရပြီး မဒ္ဒရာပရာဒက်ရှ် ပြည်နယ်တို့တွင် မိုးရေချိန်လွန်ကဲမှုကြောင့် သီးနှံများပြင်းထန်စွာ ထိခိုက်ခဲ့သည့်အတွက် မတ်ပဲထုတ်လုပ်မှုသည် တန်ချိန် ၁၂ သိန်းခန့်သို့ ကျဆင်းသွားမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ဩဂုတ်လအတွင်း မိုးရေချိန်လွန်ကဲသော ပြည်နယ်များတွင် ရာဂျစ်စတန်၊ ဥတ္တရာပရာဒက်ရှ်၊ အန်ဒါရာပရာဒက်ရှ်နှင့် ကန်နာတာကာတို့ပါဝင်ပြီး ဈေးကွက်လေ့လာရေးကုမ္ပဏီတစ်ခုဖြစ်သည့် Crisil အရ ရာဂျစ်စတန်၊ ဥတ္တရာပရာဒက်ရှ်နှင့် အန်ဒါရာပရာဒက်ရှ်တို့တွင် ပဲတီစိမ်းနှင့် မတ်ပဲသီးနှံ၏ ၁၀ ရာခိုင်နှုန်းကျော် ထိခိုက်ပျက်ဆီးခဲ့ကြောင်း၊ Bundelkhand ဒေသတွင် ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများ ပြင်းထန်စွာပျက်စီးခဲ့ကြောင်း၊ ရာဂျစ်စတန်ပြည်နယ်တွင် ပန်းပွင့်များကြွေကျခြင်းနှင့် ပဲသီးတောင့်များ အောင်မြင်မှုနည်းခြင်းတို့ကြောင့် စိုက်ပျိုးသူများသည် သိသာထင်ရှားသော ဆုံးရှုံးမှုများကို ကြုံတွေ့ရနိုင်ကြောင်း သိရှိရသည်။

Agribusiness & Trade

ကာနာတကာပြည်နယ်၊ ကာလဘူဂီခရိုင်ရှိ ကာနာတကာပြည်နယ် Red gram သီးနှံစိုက်ပျိုးသူများအသင်း၏ဥက္ကဋ္ဌ ဘာဆာဗာရာဂျ်အင်ဂျင်က မိုးသည်းထန်းမှုကြောင့် ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံ ကဲ့သို့သောသီးနှံများ ထိခိုက်မှုရှိကြောင်း၊ စိုက်ပျိုးသူတွေက သီးနှံတွေကို မရိတ်သိမ်းနိုင်ခဲ့ကြကြောင်း၊ အလွန်အကျွံမိုးရွာသွန်းမှုနှင့် ရေဝပ်မှုများကြောင့် ပဲစင်းငုံသီးနှံများလည်း ပြင်းထန်စွာပျက်စီးခဲ့ကြောင်း၊ ယခုအချိန်ထိ မိုးရွာနေဆဲဖြစ်ပြီး ရက်အနည်းငယ်ထပ်မံမိုးရွာနိုင်သည်ဟု မိုးလေဝသခန့်မှန်းချက်ထုတ်ပြန်ထားကြောင်း ပြောကြားခဲ့သည်။

မဟာရဂျ်ထရာပြည်နယ်ရှိ စိုက်ပျိုးသူများသည် ပဲစင်းငုံ စိုက်ပျိုးခြင်းကို စက်တင်ဘာ ၁၁ ရက်နေ့အထိ ဟက်တာ ၁၂.၂၃ သိန်းကျော်ပြီးမြောက်ခဲ့ပြီး ယခင်နှစ်က စိုက်ဧရိယာထက် နှစ်ဆကျော်များပြားပါကြောင်း၊ သို့သော်လည်း ပဲတီစိမ်း စိုက်ဧရိယာမှာ ယခင်နှစ်စိုက်ဧရိယာ၏ ၇၀ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း သိရှိရသည်။

မတ်ပဲစိုက်ဧရိယာမှာ ပိုမိုကောင်းမွန်ခဲ့ပြီး ပြည်နယ်၏ မတ်ပဲစိုက်ဧရိယာ၏ ၉၇ ရာခိုင်နှုန်းဖြစ်သော ဟက်တာ ၃.၇၇ သိန်းဖြင့် ၎င်း၏ပျမ်းမျှစိုက်ဧရိယာကို ကျော်လွန်ခဲ့ကြောင်း၊ ပြည်နယ်၏ စိုက်ပျိုးမှုအားလုံးတွင်၊ ပဲမျိုးစုံစိုက်ပျိုးမှုမှာ ယခုနှစ်ရာသီ၏ ရည်မှန်းချက်ဖြစ်သည့် ၉၇ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

ယခုနှစ်ရာသီတွင်၊ ဩဂုတ်လအလယ်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝပ်မှုများဖြစ်ပေါ်ကာ အထူးသဖြင့် ပဲတီစိမ်းနှင့် မတ်ပဲတို့၏ အမြစ်များကို ပျက်စီးစေခဲ့ပြီး သီးနှံများထိခိုက်မှုရှိခဲ့ကြောင်း၊ ဩဂုတ်လ ၁၅ ရက်မှ ၂၀ ရက်အတွင်းက အပျက်အစီးအများဆုံးကာလဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးက ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ် မိုးရာသီတွင် ဂူဂျာရတ်ပြည်နယ်၌ ပဲမျိုးစုံစိုက်ဧရိယာ ၁၄.၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၎င်းတို့ထဲမှ အများစုမှာ ပဲစဥ်းငုံ စိုက်ဧရိယာတိုးတက်မှုကြောင့်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ပဲမျိုးစုံအတွက် ဟက်တာ ၄.၄၁ သိန်းကျော် စိုက်ပျိုးခဲ့ပြီး ယခင်မိုးရာသီစိုက်ကဧ ၃.၈၅ သိန်းထက် ၁၄.၅ ရာခိုင်နှုန်း ပိုမိုများပြားကြောင်း သိရှိရသည်။

ဂူဂျာရတ်ပြည်နယ်အစိုးရအရာရှိများက ယခုလအတွင်း မြောက်ပိုင်းဂူဂျာရတ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်၏ ကတ်ချ်နှင့် ပတန်ခရိုင်များတွင် စိုက်ပျိုးထားသော ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲသီးနှံများ အဆိုးရွားဆုံးထိခိုက်မှုရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

Agribusiness & Trade

တယ်လန်ဂန်နာပြည်နယ်တွင် မိုးရာသီအတွင်း ပဲမျိုးစုံစိုက်ဧရိယာ ကျဆင်းမှုရှိခဲ့ကြောင်း၊ ပဲမျိုးစုံ ပုံမှန်စိုက်ဧရိယာ ဟက်တာ ၃.၂၀ သိန်းနှင့်ယှဉ်လျှင် ပြည်နယ်၏ စိုက်ဧရိယာမှာ ဟက်တာ ၂.၃၄ သိန်းသာရှိခဲ့ကြောင်း၊ ပဲစင်းငုံ စိုက်ဧရိယာမှာ ပုံမှန်စိုက်ဧရိယာ ဟက်တာ ၂.၇၁ သိန်းနှင့် ယှဉ်ပါက ဟက်တာ ၁.၉၉ သိန်းသို့ ကျဆင်းသွားသောကြောင့် အကြီးမားဆုံးထိခိုက်မှုရှိခဲ့ကြောင်း သိရှိရသည်။

ပဲတီစိမ်းစိုက်ဧရိယာမှာ ပုံမှန်စိုက်ဧရိယာ ဟက်တာ ၃၅,၀၀၀ နှင့်ယှဉ်ပါက ဟက်တာ ၂၄,၀၀၀ သို့ ကျဆင်းသွားခဲ့ပြီး မတ်ပဲစိုက်ဧရိယာမှာ ဟက်တာ ၁၃,၃၂၅ မှ ဟက်တာ ၁၀,၁၂၅ သို့ ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြန်မာနိုင်ငံမှ အဓိက တင်ပို့နေသည့်ပဲများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းများ၏ အထွက်နှုန်းနှင့် အရည်အသွေးများ ကျဆင်းမည်ဟု ခန့်မှန်းလျက်ရှိကြသည်ကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Kharif Outlook: Pulses Farmers face doubles whimmy, The Hindu Business Line, 13 September, 2025.

## အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရခြင်းကြောင့် ဆိုင်းငံ့ထား

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရခြင်းကြောင့် ဆိုင်းငံ့ထားဆဲဖြစ်ရာ တင်ပို့ကုန်များသည် အချိန်သုံးပတ်မြောက်ကြသည်အထိ ပိတ်မိနေဆဲဖြစ်ကြောင်း သိရသည်။ အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ တင်ပို့မှုဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (APEDA) က အင်ဒိုနီးရှား အပင်ပိုးမွှားရောဂါ ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့ (IQA) နှင့် ဆက်သွယ်ခဲ့သော်လည်း အဆိုပါ ပိတ်ပင်မှုကို ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ အကြောင်းပြန်ကြားခြင်း မရှိသေးကြောင်း၊ အဆိုပါ ဆိုင်းငံ့မှုသည် စက်တင်ဘာလ ၃ ရက်နေ့မှစတင်၍ အသက်ဝင်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယတင်ပို့ကုန်များတွင် မှိုဆိပ်ပါဝင်မှု (Aflatoxin

contamination) တွေ့ရှိရခြင်းကြောင့် ဖြစ်ကာ အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ ပြီးခဲ့သည့် ဩဂုတ်လ ၂၇ ရက်နေ့တွင် အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၂၀ ရက်က ဖော်ပြထားသည်။

အိန္ဒိယ တင်ပို့သူများအနေဖြင့် အဓိကကိစ္စရပ်နှစ်ခုကို ထောက်ပြခဲ့ကြသည်။ ပထမအချက်မှာ IQA က ကုန်ပစ္စည်းများတွင် မှိုဆိပ်ပါဝင်မှု တွေ့ရှိခဲ့သည်ဟု ဆိပ်ကမ်းသို့ရောက်ရှိပြီး အချိန်သုံးလ အကြာတွင် ဆိုခြင်းဖြစ်ရာ ၎င်းကာလအတွင်း သိုလှောင်မှုနှင့် ကိုင်တွယ်ထိန်းသိမ်းမှု အခြေအနေများအပေါ် သံသယဖြစ်ပေါ်စေကြောင်း၊ ဒုတိယအချက်မှာ အင်ဒိုနီးရှားနိုင်ငံ၏ စမ်းသပ်စစ်ဆေးမှုလုပ်ငန်းစဉ်အရ ကုန်ပစ္စည်းတစ်ခုလျှင် ၁ ကီလိုဂရမ် နမူနာရယူခြင်းသည် APEDA ၏ စံနှုန်းဖြစ်သော ၂၀ ကီလိုဂရမ် နမူနာရယူမှုနှင့် ကွဲပြားနေခြင်းဖြစ်ကြောင်း၊ ၎င်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) စံနှုန်းများနှင့် မကိုက်ညီဟု အိန္ဒိယတင်ပို့သူများက ငြင်းခုံခဲ့ကြကြောင်း သိရသည်။ APEDA က အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ မီဒီယာ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်း မရှိသေးကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ မြေပဲတင်ပို့မှု သုံးပုံတစ်ပုံခန့်ကို ရရှိထားသည့် အရေးပါသော ဈေးကွက်တစ်ခု ဖြစ်သည်။ ၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၇၉၅ သန်း တန်ဖိုးရှိ မြေပဲတန်ချိန် ၇ ဒသမ ၄၆ သိန်းကို တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂၈၀ သန်း တန်ဖိုးရှိ မြေပဲတန်ချိန် ၂ ဒသမ ၇၇ သိန်းကို လက်ခံတင်သွင်းခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ခါရစ် (မိုးရာသီ) မြေပဲသီးနှံ ရိတ်သိမ်းချိန် နီးကပ်လာသည်နှင့်အမျှ အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များတင်ပို့မှု ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (APEDA) နှင့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အား အဆိုပါ ပဋိပက္ခကို ဖြေရှင်းရန် တိုက်တွန်းထားပြီး ကုန်သည်များက ယင်းသို့ ဆိုင်းငံ့မှုဆက်လက်ရှိနေပါက တောင်သူလယ်သမားများနှင့် တင်ပို့သူများကို ထိခိုက်နိုင်ကြောင်း သတိပေးခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင် လက်ရှိမြေပဲဈေးနှုန်းသည် ၁ ကွင်တယ် (၁၀၀ ကီလို ဂရမ်) လျှင် ရူပီး ၅,၆၈၂ သို့ ကျဆင်းသွားခဲ့ရာ ဗဟိုအစိုးရ၏ ၂၀၂၆ ခုနှစ် ဇွန်လတွင် ကုန်ဆုံးမည့် ရောင်းဝယ်ရေးနှစ်အတွက် သတ်မှတ်ထားသော ကြမ်းခင်းဈေး (MSP) ဖြစ်သည့် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇,၂၆၃ အောက်သို့ ရောက်ရှိနေကြောင်းနှင့် Gujarat

ပြည်နယ်တစ်ခုတည်းကပင် တန်ချိန် ၆၆ သိန်း စံချိန်တင် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံက မြေပဲနှင့် ဂျုံတို့တွင် မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) နှင့်စပ်လျဉ်း၍ ထပ်တလဲလဲ ဖြစ်ပေါ်နေသည့် ပြဿနာများကို ထောက်ပြခဲ့ပြီးနောက် တင်ပို့ကုန်များအတွက် တင်းကျပ်သော ဓာတ်ခွဲခန်းစမ်းသပ်မှုနှင့် နမူနာယူမှုလုပ်ငန်းစဉ်များ လိုအပ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များတင်ပို့မှု ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (APEDA) ၏ မကြာသေးမီက ထုတ်ပြန်ထားသည့် အကြံပြုချက်များနောက်ပိုင်းတွင် လက်ရှိဖြစ်ပွားနေသော အငြင်းပွားမှုသည် ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်တွင်လည်း မှိုဆိပ်ပါဝင်မှု မြင့်မားခြင်းနှင့် ဓာတ်ခွဲခန်းမှတ်ပုံတင်ခြင်းဆိုင်ရာ ပြဿနာများကြောင့် အလားတူဆိုင်းငံ့မှုတစ်ခု ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

မှိုဆိပ် (Aflatoxins) များသည် ပူနွေးစိုစွတ်သော အခြေအနေများတွင် Aspergillus မှိုများမှ ထုတ်လုပ်သော ဓာတ်ပစ္စည်းများဖြစ်ပြီး သီးနှံနှင့် ဆီထွက်သီးနှံများတွင် ညစ်ညမ်းမှုဖြစ်စေကာ ကင်ဆာဖြစ်စေနိုင်သောဂုဏ်သတ္တိ (carcinogenicity) အပါအဝင် သိသာထင်ရှားသော ကျန်းမာရေး အန္တရာယ်များကို ဖြစ်စေကြောင်း တွေ့ရှိရသည်။ Aflatoxin B1 ကို ပြင်းထန်သော အသည်းကင်ဆာဖြစ်စေနိုင်သည့်အရာ (liver carcinogen) အဖြစ် လူသိများကြောင်း သိရသည်။

သို့ပါ၍ အင်ဒိုနီးရှားနိုင်ငံသည် မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရခြင်းကြောင့် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို ဆိုင်းငံ့ထားသည့် အခြေအနေကို သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း သက်ဆိုင်ရာ နိုင်ငံများရှိ အပင်ပိုးမွှားရောဂါထိမ်းချုပ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် အညီပြင်ဆင်တင်ပို့ရန်နှင့် မလိုအပ်သော ဆုံးရှုံးမှုများအဖြစ်ပေါ်စေရန် ကောင်းစွာပြင်ဆင်ဆောင်ရွက်သင့်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

Source: The Hindu Businessline, Indian exporters dispute Indonesia’s suspension of peanut imports 3 months after shipments landed at its ports, September 20, 2025.

Agribusiness & Trade

## အိန္ဒိယနိုင်ငံသည် တောင်အမေရိကနိုင်ငံအချို့ရှိ အရေးပါသော သတ္တုတွင်းထွက် ပစ္စည်းများမှတစ်ဆင့် ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်စေရန် ကြိုးပမ်းလျက်ရှိ

အိန္ဒိယနိုင်ငံသည် တောင်အမေရိကရှိ ပီရူးနိုင်ငံ၊ ချီလီနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့ရှိ အရေးပါသော သတ္တုတွင်းထွက်ပစ္စည်းများမှတစ်ဆင့် ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်စေရန် ကြိုးပမ်းလျက်ရှိသည်။ ၎င်းသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သယ်ယူပို့ဆောင်ရေးအပေါ် အာရုံစိုက်မှု တိုးလာနေသည့် နောက်ခံအခြေအနေတွင် ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း The Economic Times သတင်းဌာနက ယခုလ ၂၂ ရက်က ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် ချီလီနိုင်ငံနှင့် ဆွေးနွေးလျက်ရှိသော လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် ဆွေးနွေးပွဲများ၏ တတိယအကြိမ်မြောက် အစည်းအဝေးကို မကြာမီကာလအတွင်း ကျင်းပရန်ရှိပြီး အိန္ဒိယသတ္တုတွင်းဝန်ကြီးဌာနမှ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် အဆိုပါ အခွင့်အလမ်းများကို အသုံးချရန်အတွက် ယခုသီတင်းပတ်အတွင်း ပီရူးနိုင်ငံသို့ သွားရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပီရူးနိုင်ငံနှင့် ချီလီနိုင်ငံတို့မှ လစ်သီယမ်၊ ကြေးနီနှင့် ရှားပါးသတ္တုများ (Rare earths) ကို တင်သွင်းရန် စီစဉ်လျက်ရှိသည်။ အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ပီရူးနိုင်ငံမှ ရွှေကို တင်သွင်းလျက်ရှိပြီး ပီရူးနိုင်ငံနှင့် လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီမှု ချုပ်ဆိုရန်ကိုလည်း စဉ်းစားလျက်ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များ မတည်မငြိမ်ဖြစ်မှုနှင့် သယံဇာတများကို လက်နက်သဖွယ် အသုံးချခြင်းတို့ကြားတွင် အဆိုပါ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်နှစ်ခုကို အချိန်တိုအတွင်း အပြီးသတ်ချုပ်ဆိုရန် ရည်ရွယ်ထားကြောင်း သိရသည်။

အိန္ဒိယကုမ္ပဏီ ၅ ခုသည် ပီရူးနိုင်ငံရှိ သတ္တုတူးဖော်ရေးကဏ္ဍတွင် လက်ရှိ ရင်းနှီးမြှုပ်နှံထားကြသည်။ ပီရူးနိုင်ငံရှိ အိန္ဒိယသံရုံး၏ အချက်အလက်များအရ ၎င်းတို့၏ လက်ရှိ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၁ သန်းရှိကြောင်း ခန့်မှန်းထားသည်။ ပီရူးနိုင်ငံသည် လက်တင်အမေရိကရှိ အိန္ဒိယနိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက် ၅ နိုင်ငံအနက် တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး လစ်သီယမ်နှင့် ကြေးနီသိုက်များ ပိုင်ဆိုင်ထားသော ချီလီနိုင်ငံတွင် ပိုမိုခိုင်မာသော စီးပွားရေးခြေရာများကို တည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

Agribusiness & Trade

ဝန်ကြီးချုပ်မိုဒီက ယခုနှစ် ဖွန်လတွင် သွားရောက်လည်ပတ်ခဲ့သော အာဂျင်တီးနားနိုင်ငံသည် အရေးပါသော သတ္တုတွင်းထွက်ပစ္စည်းများ၊ စွမ်းအင်နှင့် စိုက်ပျိုးရေးထွက်ကုန်များတွင် ကြီးမားသော အခွင့်အလမ်းများအား ဖော်ပြလျက်ရှိကြောင်း သိရသည်။ အဆိုပါနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ထိပ်တန်းပဲပိစပ်နှင့် နေကြာဆီတင်ပို့သူများတွင် ပါဝင်သော နိုင်ငံတစ်ခုဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် ၎င်း၏ အဆင့်မြင့်ကိရိယာများထုတ်လုပ်ရာတွင် လိုအပ်သော ရှားပါးသတ္တုများ (Rare earths) အပါအဝင် လစ်သီယမ်၊ ကြေးနီစသည့် အရေးပါသောသတ္တုများကို ဝယ်ယူတင်သွင်းနိုင်ရန် လက်တင်အမေရိက နိုင်ငံအချို့နှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုများ ပြုလုပ်နိုင်ရန် ကြိုပမ်းလျက်ရှိကြောင်းနှင့် အဆိုပါ အရေးပါပြီးရှားပါးသော သတ္တုများကို အိမ်နီးချင်း မြန်မာနိုင်ငံမှလည်း ရယူနိုင်ရေးကြိုးပမ်းလျက်ရှိသည့်အကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Economic Times, India looks to stabilise supply of critical minerals via Latin America, Sep 22, 2025

.................................................................................................................

## ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်က တတိယအကြိမ်မြောက် Indo-Pacific Economic Conclave ဖွင့်ပွဲအခမ်းအနားနှင့် Special Session II သို့ ပါဝင်တက်ရောက်

ကော်လ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ်သည် ၁၈-၉-၂၀၂၅ ရက်၊ နေ့လည် ၃:၃၀ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်၊ ကော်လ်ကတ္တားမြို့ BCC&I အဆောက်အဦး၌ ဘင်္ဂလားကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်း (BCC&I) နှင့် အိန္ဒိယ ပြည်ပရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် တတိယအကြိမ်မြောက် Indo-Pacific Economic Conclave ဖွင့်ပွဲအခမ်းအနားနှင့် Special Session II သို့ ဧည့်သည်တော်နှင့် Panelist အဖြစ် စီးပွားရေးသံမှူးနှင့်အတူ ပါဝင်တက်ရောက်ခဲ့ပါသည်။ အဆိုပါညီလာခံသို့ အိန္ဒိယအစိုးရ ပြည်ပရေးရာဝန်ကြီးဌာန ပူးတွဲအတွင်းဝန် Mr. Shri A. Ajay Kumar၊ အနောက်ဘင်္ဂလားပြည်နယ်အစိုးရ Additional Chief Secretary ဖြစ်သူ Mr. Shri Rajesh Pandey၊ အိန္ဒိယနိုင်ငံဆိုင်ရာ

မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Dato' Muzafar Shah Mustafa၊ Ambassador, Secretary General of BIMSTEC အထွေထွေအတွင်းရေးမှူးချုပ် သံအမတ်ကြီး Indra Mani Pandey၊ သံအမတ်ကြီးဟောင်း Mr. Manjeev Singh Puri နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မီဒီယာများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ညီလာခံကို (၂) ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပြီး၊ အိန္ဒိယ အစိုးရပိုင်းမှ တာဝန်ရှိသူများ၊ နိုင်ငံတကာသံတမန်များ၊ အပြည်ပြည်ဆိုင်ရာမှ ကုန်သည်နှင့် စက်မှုလက်မှုအသင်း ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများနှင့် ကျွမ်းကျင်သူများက အင်ဒို-ပစိတ်ဖိတ်ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဒေသတွင်း ရေကြောင်းမိတ်ဘက်ဖြစ်မှုနှင့် ဒေသတွင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် ဆွေးနွေးခဲ့ကြပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

................................................................................................................

**အိန္ဒိယအစိုးရ၏ Bachat Utsav (ရက် ၁၀၀ လှုပ်ရှားမှု) အစီအစဉ်မှ ပေးအပ်သော အကျိုးကျေးဇူးများ ကို ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူများ ခံစားရရှိဟု ဘဏ္ဍာရေးဝန်ကြီးပြောကြား**

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒြာမိုဒီ၏ တစ်နိုင်ငံလုံးအား ပြောကြားခဲ့သောမိန့်ခွန်းဖြင့် စက်တင်ဘာလ ၂၂ ရက်နေ့တွင် စတင်ခဲ့သော အစိုးရ၏ Bachat Utsav (ရက် ၁၀၀ လှုပ်ရှားမှု) အစီအစဉ်သည် ကုန်သည်များ၊ အာမခံကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား မကြာသေးမီက ကုန်စည်နှင့်ဝန်ဆောင်မှုခွန် (GST) နှုန်းထားလျှော့ချမှုများ၏ အကျိုးကျေးဇူးများကို သိသာထင်ရှားစွာ လက်ဆင့်ကမ်းပေးနေကာ ခိုင်မာသောရလဒ်များ ပြသလျက်ရှိကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီး Nirmala Sitharaman က ပြောကြားခဲ့သည်။

ET Now သတင်းဌာနနှင့် ပြောဆိုရာတွင် ဘဏ္ဍာရေးဝန်ကြီးက ကုန်သည်များနှင့် နိုင်ငံသားများထံမှ တုံ့ပြန်မှုသည် အလွန်အမင်း အပြုသဘောဆောင်ကြောင်း မှတ်ချက်ပြုခဲ့သည်။ "လက်ဆင့်ကမ်းပေးလိုက်တဲ့ ပစ္စည်းတိုင်းမှာ အကျိုးကျေးဇူးတွေကို ပြည်သူတွေ ကိုယ်တိုင်မြင်တွေ့နေရပါ

တယ်။ ဒါဟာ နှုတ်ကတိတွေတင် မဟုတ်ဘဲ လက်တွေ့လုပ်ဆောင်မှုမှာ သိသာထင်ရှားပါတယ်" ဟု Sitharaman က ပြောကြားခဲ့သည်။

၎င်းက အာမခံကုမ္ပဏီများအနေဖြင့် Input tax credit -ITC ဆိုင်ရာ သက်ရောက်မှုများရှိသော်လည်း ၎င်းတို့အား ၁၈ ရာခိုင်နှုန်း အခွန်သက်သာခွင့်ကို ပေးအပ်ထားပြီးဖြစ်ကြောင်းနှင့် ဆေးဝါးနှင့် မရှိမဖြစ် အိမ်သုံးပစ္စည်းများ ဝယ်ယူသည့် စားသုံးသူများသည်လည်း သိသာထင်ရှားသော စရိတ်စက သက်သာမှုများကို တွေ့ကြုံနေရကြောင်း ထောက်ပြပြောကြားခဲ့သည်။ "နေ့စဉ်သုံးပစ္စည်းတွေ၊ လစဉ်ရိက္ခာပစ္စည်းတွေကနေ ဆေးဝါးတွေအထိ ပြည်သူတွေက ကွာခြားချက်ကို တွေ့မြင်နေကြရပါတယ်။ ဆိုလိုတာက သူတို့လက်ထဲမှာ ပိုက်ဆံပိုကျန်နေတာပါ" ဟု Sitharaman က ထပ်လောင်းပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးက ကုန်စည်နှင့်ဝန်ဆောင်မှုခွန် (GST) သက်သာခွင့်ကို မော်တော်ယာဉ်ကဏ္ဍက လျင်မြန်စွာ လက်ခံကျင့်သုံးခဲ့ကြောင်း၊ Maruti Suzuki နှင့် Hyundai ကဲ့သို့သော အဓိက မော်တော်ယာဉ်ထုတ်လုပ်သူများသည် ၎င်းတို့၏ မော်တော်ယာဉ်ရောင်းအားများ စံချိန်တင်တိုးတက်ခဲ့ကြောင်း အတည်ပြုခဲ့ပြီး Maruti အမှတ်တံဆိပ် မော်တော်ကားများကို တစ်ရက်တည်းတွင် ယာဉ်အစီးရေ ၃၀,၀၀၀ အထိရောင်းချခဲ့ရကာ စုံစမ်းမေးမြန်းမှု ၈၀,၀၀၀ လက်ခံရရှိခဲ့ကြောင်း သိရသည်။

ဘဏ်လုပ်ငန်းကဏ္ဍနှင့် ပတ်သက်၍ Sitharaman က လုပ်ငန်းကျွမ်းကျင်မှုရှိရန်နှင့် ဘုတ်အဖွဲ့အဆင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့တွင် သေချာမှုရှိရန် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် နိုင်ငံပိုင်ဘဏ်များကို ခိုင်မာအားကောင်းစေခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေခဲ့ကြောင်း ပြောကြားခဲ့သည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Economic Times, Consumers see savings as traders, insurers pass on GST benefits, says Finance Minister Nirmala Sitharaman, September 26, 2025.

…………………………………………………………………………………………………….

Agribusiness & Trade

## နာမည်ကြီး အမှတ်တံဆိပ်နှင့် မူပိုင်ခွင့်ရ ဆေးဝါးတင်သွင်းမှုများအပေါ် အကောက်ခွန် ၁၀၀ ရာခိုင်နှုန်း ကောက်ခံမည်ဟု အမေရိကန်သမ္မတပြောကြား

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က နာမည်ကြီး အမှတ်တံဆိပ်နှင့် မူပိုင်ခွင့်ရ ဆေးဝါးတင်သွင်းမှုများအပေါ် အကောက်ခွန် ၁၀၀ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်ကြောင်း ယခုလ (၂၅) ရက် (ကြာသပတေးနေ့) တွင် ကြေညာခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၏ အမေရိကန်ပြည်ထောင်စုသို့ ဆေးဝါးတင်ပို့မှုများအပေါ် အာရုံစိုက်ခံရမှု မြင့်တက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဆေးဝါးများအပေါ် အမေရိကန်၏ အကောက်ခွန်အသစ်များသည် အောက်တိုဘာလ ၁ ရက်နေ့တွင် အသက်ဝင်မည်ဖြစ်ကြောင်း ၎င်းက Truth Social ပို့စ်တွင် ပြောကြားခဲ့သည်။

"၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ မည်သည့် နာမည်ကြီးအမှတ်တံဆိပ် သို့မဟုတ် မူပိုင်ခွင့်ရ ဆေးဝါးထုတ်ကုန်ကိုမဆို အကောက်ခွန် ၁၀၀ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ပြီး၊ အကယ်၍ ကုမ္ပဏီတစ်ခုက အမေရိကန်နိုင်ငံတွင် ၎င်းတို့၏ ဆေးဝါးထုတ်လုပ်မှုစက်ရုံကို တည်ဆောက်နေပါက ကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။ "တည်ဆောက်နေသည်" ဟူသည်မှာ "မြေပြင်စတင်ရှင်းလင်းခြင်း" နှင့်/ သို့မဟုတ် "ဆောက်လုပ်ဆဲ" ဟု အဓိပ္ပာယ်ဖွင့်ဆိုမည်ဖြစ်သည်။ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်နေပြီဆိုပါက အဆိုပါ ဆေးဝါးထုတ်ကုန်များအပေါ် အကောက်ခွန်ကောက်ခံမည်မဟုတ်ကြောင်း" ထရန့်က Truth Social တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းနှင့်အတူ အိမ်ဖြူတော်တို့က အဆိုပါ အကောက်ခွန်များကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်မည်ကိုမူ ရှင်းလင်းချက်ပေးထားခြင်းမရှိသေးကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် အိန္ဒိယနိုင်ငံ၏ ဆေးဝါးထုတ်ကုန်များ တင်ပို့ရာတွင် အဓိကဈေးကွက်ကြီးတစ်ခု ဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံ၏ ဆေးဝါးကဏ္ဍသည် ယေဘုယျအားဖြင့် တင်ပို့မှုအပေါ် များစွာမှီခိုနေရကြောင်း၊ အိန္ဒိယနိုင်ငံ၏ နှစ်စဉ်ဆေးဝါးတင်ပို့မှုသည် ပြီးခဲ့သည့် မတ်လတွင် ယခင်နှစ်ကထက် ၃၁ ရာခိုင်နှုန်း တိုးတက်လာမှုကြောင့် ၂၀၂၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံအထိ စံချိန်တင်တိုးတက်ခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရ၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် အခြားနိုင်ငံများသို့ ဆေးဝါးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင် အမေရိကန် ဒေါ်လာ ၂ ဒသမ ၅၁ ဘီလီယံအထိ ၆ ဒသမ ၉၄ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

AgriBusiness & Trade

အိန္ဒိယဆေးဝါးတင်ပို့မှုမြှင့်တင်ရေးကောင်စီ (Pharmexcil) ၏ အချက်အလက်များအရ ၂၀၂၅ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏ အမေရိကန်ပြည်ထောင်စုသို့ ဆေးဝါးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅ ဘီလီယံအထိ ရှိခဲ့ပြီး နှစ်အလိုက် ၂၀ ဒသမ ၄၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၃၄ ဒသမ ၅၁ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း တွေ့ရှိရသည်။

"ကမ္ဘာ့ဆေးဝါးထောက်ပံ့သူ" ဟု မကြာခဏ တင်စားခေါ်ဝေါ်ခြင်းခံရသည့် အိန္ဒိယနိုင်ငံသည် ဆေးဝါးတင်ပို့မှု ပမာဏအရ ကမ္ဘာ့တတိယအဆင့်နေရာ၌ ရပ်တည်နေပြီး ထုတ်လုပ်မှုတန်ဖိုးအရ အဆင့် ၁၄ နေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၏ ပထမနှစ်ဝက်ကာလအတွင်း၌ပင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံ (ခန့်မှန်းခြေ ရူပီး ၃၂,၅၀၅ ကုဋေ) တန်ဖိုးရှိ ဆေးဝါးများကို ပြည်ပသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

သို့ပါ၍ အမေရိကန်နိုင်ငံမှ အိန္ဒိယနိုင်ငံ၏ ဆေးဝါးပို့ကုန်များအပေါ် အကောက်ခွန် ၁၀၀ ရာခိုင်နှုန်းအထိ ကောက်ခံလာဖွယ်ရှိသည့်အခြေအနေကို သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း အိန္ဒိယဆေးဝါးများကို တင်သွင်းလျက်ရှိရာ အဆိုပါ အခွန်သက်ရောက်မှုကြောင့် အိန္ဒိယနိုင်ငံ၏ ဆေးဝါးတင်ပို့မှုဈေးကွက်တွင် အပြောင်းအလဲများဖြစ်ပေါ်လာနိုင်သည့်အတွက် ကြိုတင်သိရှိပြီး ပြင်ဆင်ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

Source: Live Mint, Donald Trump's 100% tariffs spell trouble for Indian pharma — A look at export stats, September 26, 2025.

.....................................................................................................................

Agribusiness & Trade